ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၁

၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန၊နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှု အခမ်းအနားကျင်းပ



အကောက်ခွန်ဦးစီးဌာန၊နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ အရာထမ်း၊ အမှုထမ်းအင်အား (၁၂၀) ဦးဖြင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုစဉ်။

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် နိုင်ငံတော်အလံအားတိုင်ဝက် လျှော့ချ၍ လွှင့်ထူထားသော အလံတိုင်ရှေ့ (သို့မဟုတ်) သင့်လျော်ရာနေရာ (သို့မဟုတ်) ပြုလုပ်သည့် အခမ်းအနားများ၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုရန် ကြေညာခဲ့မှုအပေါ် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံး အတိုင်းအတာလှုပ်ရှားမှုအဖြစ် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ၌ ၁-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ ဦးဆောင်၍ အရာထမ်း၊ အမှုထမ်းအင်အား (၁၂၀) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့များတွင် MACCS (Myanmar Automated Cargo Clearance System) စတင်ကျင့်သုံးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ




**အကောက်ခွန်ဦးစီးဌာန၊ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့များတွင် MACCS (Myanmar Automated Cargo Clearance System) စတင် ကျင့်သုံးခြင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အနေဖြင့် တစ်ပြိုင်တည်း ဖဲကြိုးဖြတ်ဖွင့်လှစ်နေစဉ်။**

MACCS (Myanmar Automated Cargo Clearance System) စတင်ကျင့်သုံးခြင်း ဖွင့်ပွဲအခမ်းအနားကို ၄-၄-၂၀၂၅ ရက်နေ့ ၀၉:၀၀ နာရီ အချိန်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမတွင်လည်းကောင်း၊ ကော့သောင်းမြို့ရှိ မဉ္ဇူသကခန်းမတွင် လည်းကောင်း၊ မြိတ်မြို့ရှိ Grand Jade Hotel တွင် လည်းကောင်း၊ မန္တလေးမြို့ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် လည်းကောင်း Video Conferencing စနစ်ဖြင့် တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး က အမှာစကား ပြောကြားခဲ့ပြီးနောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက MACCS စနစ် တိုးချဲ့အသုံး ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် အကောက်ခွန်ဦးစီးဌာနမှ MACCS စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ပြသ၍ ကော့သောင်းမြို့၊ မြိတ်မြို့ နှင့် မန္တလေးမြို့များတွင် MACCS စနစ် စတင်အသုံးပြုခြင်း အထိမ်းအမှတ်အနေဖြင့် တစ်ပြိုင်တည်း ဖဲကြိုး ဖြတ် ဖွင့်လှစ်ခဲ့ပါသည်။






အကောက်ခွန်ဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့များတွင် MACCSစနစ် စတင် အသုံးပြုခြင်း စနစ်အား တစ်ပြိုင်တည်း ဖွင့်ပွဲအခမ်းအနားကို မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီးများတွင် ဆောင်ရွက် ကျင်းပနေမှုအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ Video Conferencing ဖြင့်တက်ရောက်စဉ်။

ထို့နောက် ကော့သောင်းမြို့တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး နှင့် တာဝန်ရှိသူများက MACCS စနစ်ဖြင့် အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး ဦးဆောင်၍ တာဝန်ရှိသူများက လူကိုယ်တိုင် တက်ရောက်ခဲ့ပြီး ရန်ကုန် (ရုံးချုပ်) တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။ မြိတ်မြို့တွင် တနင်္သာရီတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြဝင်း ဦးဆောင်၍ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖေကြိုင် ဦးဆောင်၍ တာဝန်ရှိသူများက လူကိုယ်တိုင် တက်ရောက်ခဲ့ပြီး စုစုပေါင်းအင်အား (၂၀၀) ခန့် တက်ရောက်ခဲ့ပါသည်။ MACCS စနစ် စတင်အသုံးပြုကြောင်း ကြေညာခဲ့ပြီးနောက် အခမ်းအနားကို နံနက် ၁၀:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဦးစီးပဓာန နာယကဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတ မှ ဦးဆောင်ကျင်းပ ပြုလုပ်ခဲ့သည့် သံဃာတော်အပါး (၅၅၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား ကျင်းပ



ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်၌ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဦးစီးပဓာန နာယကဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတ မှ ဦးဆောင်ကျင်းပ ပြုလုပ်ခဲ့သည့် သံဃာတော်အပါး (၅၅၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

ပြည်သူ့ရင်ပြင်၌ ၆-၄-၂၀၂၄ ရက်နေ့တွင် သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဦးစီးပဓာန နာယကဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတ မှ ဦးဆောင်ကျင်းပ ပြုလုပ်ခဲ့သည့် သံဃာတော်အပါး (၅၅၀၀) ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းဝန်ထမ်းအင်အား (၄၀)ဦးခန့်ဖြင့် သွားရောက် လှူဒါန်း လောင်းလှူခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ မဟာသင်္ကြန် နှစ်သစ်ကူးကာလ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



အကောက်ခွန်ဦးစီးဌာန၊ သင်္ကြန်အကျနေ့ မှ နှစ်ဆန်းတစ်ရက်နေ့ နံနက်အထိ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနား ကျင်းပပြီးနောက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားများအား ကျင်းပပူဇော်စဉ်။

၁၃၈၆ ခုနှစ်၊ မဟာသင်္ကြန်နှစ်သစ်ကူးကာလတွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဘုရားခန်း၌ ၁၄-၄-၂၀၂၅ ရက်နေ့ သင်္ကြန်အကျနေ့ နေ့လည်(၁၅:၀၀)နာရီမှ စတင်၍ ၁၇-၄-၂၀၂၅ ရက်နေ့ နှစ်ဆန်းတစ်ရက်နေ့ နံနက်အထိ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခြင်း၊ ၁၇-၄-၂၀၂၅ ရက်နေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်(၁၀:၀၀) နာရီတွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနား ကျင်းပပြီးနောက် အန္တရာယ်ကင်းပရိတ် တရားတော်နာယူခြင်း အခမ်းအနားများအား ဆက်လက်ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဌာနခွဲများမှဝန်ထမ်းများဖြင့် စုစုပေါင်း အင်အား (၆၀)ဦး တက်ရောက်ခဲ့ကြပါသည်။

# ၂၀၂၅ ခုနှစ် အကောက်ခွန်ဦးစီးဌာန၊မဟာသင်္ကြန်ကာလအတွင်း တင်သွင်း၊ တင်ပို့မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်မှုမရှိစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




၂၀၂၅ ခုနှစ် အကောက်ခွန်ဦးစီးဌာန၊မဟာသင်္ကြန်ကာလအတွင်း တင်သွင်း၊ တင်ပို့မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်မှုမရှိစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဆွေးနွေးပြောကြားစဉ်။

၂၀၂၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တင်သွင်း၊ တင်ပို့မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်မှုမရှိစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၁-၄-၂၀၂၅ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ BOT ဆိပ်ကမ်းများနှင့် ယာယီ ကုန်တင်ကုန်ချနေရာများမှ တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ မဟာသင်္ကြန်ကာလအတွင်း တင်သွင်း၊ တင်ပို့မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ပါသည်။



၂၀၂၅ ခုနှစ် အကောက်ခွန်ဦးစီးဌာန၊ မဟာသင်္ကြန်ကာလအတွင်း တင်သွင်း၊ တင်ပို့မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်မှုမရှိစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသော တာဝန်ခံများမှ ဆွေးနွေးပြောကြားစဉ်။

အဆိုပါအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်မှ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလမှာ အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် (၁၂-၄-၂၀၂၅) ရက်နေ့၊ (၁၅-၄-၂၀၂၅) ရက်နေ့နှင့် (၁၉-၄-၂၀၂၅) ရက်နေ့တို့တွင် ရုံးချိန် အပြည့်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါကြောင်း၊ နှစ်ဆန်းတစ်ရက်နေ့မှလွဲ၍ ကျန်သည့်ရက်များတွင် အရေးကြီးကိစ္စအတွက် တင်သွင်းလာသော ကုန်ပစ္စည်းများထုတ်ပေးနိုင်ရေး အချိန်ပိုလျှောက်ထားပါက ထုတ်ပေးနိုင်ရန် စီစဉ်ထားပါကြောင်း၊ ယခုရုံးပိတ်ရက်ရှည်ကာလတွင် တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါး၊ သစ်၊ ကျောက်မျက် စသည်ဖြင့် တရားမဝင်ကုန်သွယ်မှုများ လုံးဝမဖြစ်စေရေး၊ သတင်းအရဖြစ်စေ၊ လုပ်ငန်းစဉ်အရဖြစ်စေ စနစ်တကျ ဆောင်ရွက်ကြရန်၊ ကုန်ပို့ရာသီဖြစ်သည့်အတွက် ပို့ကုန်ပစ္စည်းများတွင် တရားမဝင်ပစ္စည်းများ မပါရှိစေရေး အားလုံးမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ လျင်ကယ်ဆယ်ရေးနှင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား အထူးကိစ္စရပ်အနေဖြင့် အမြန်ဆုံးရှင်းလင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ချက်ချင်းဆိုက်ကပ်၊ ချက်ချင်းထုတ်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား (၁၄:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနနှင့် Myint & Associates Telecommunications Ltd. တို့အကြား Colocation ဝန်ဆောင်မှုရယူသည့် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ



အကောက်ခွန်ဦးစီးဌာနနှင့် Myint & Associates Telecommunications Ltd. တို့အကြား Colocation ဝန်ဆောင်မှုရယူသည့် သဘောတူစာချုပ်ဆိုခြင်း အခမ်းအနားတွင်ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာနနှင့် Myint & Associates Telecommunications Ltd. တို့အကြား Colocation ဝန်ဆောင်မှုရယူသည့် သဘောတူစာချုပ် ချုပ်ဆိုခြင်းအား ၁၀-၄-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ(၁) ၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် Myint & Associates Telecommunications Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်တို့ဖြင့် ပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် Myint & Associates Telecommunications Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်တို့မှ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင်ဒုတိယအကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကျင်းပ




အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင်ဒုတိယအကောက်ခွန်မှူးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင်ဒုတိယအကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားအား ၁-၄-၂၀၂၅ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ညွှန်ကြားရေး မှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၁-၄-၂၀၂၅ ရက်နေ့ မှ ၁၆-၅-၂၀၂၅ ရက်နေ့အထိ သင်တန်းသား/သင်တန်းသူ ဦးရေ(၄၀)ဦး ဖြင့် သင်တန်းပို့ချမည်ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ် (Authorized Economic Operators – AEO Programme) နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin) နှင့်ပတ်သက်၍ အသိပညာပေးခြင်း အခမ်းအနားကျင်းပ




အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ် (Authorized Economic Operators – AEO Programme) နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin) နှင့်ပတ်သက်၍ အသိပညာပေးခြင်းအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး ) ဦးအောင်ဆန်းထွန်းမှ အမှာစကားပြောကြားစဉ်။

ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လုံခြုံမှုဆိုင်ရာမူဘောင်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီး ကုန်တင်ပို့သူ၊ ကုန်တင်သွင်းသူများ သိရှိစေရန်နှင့် ၁၉-၂-၂၀၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် (၁/၂၀၂၅) ကြိမ်မြောက် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် (၄) တွင် “Article 7.7: Trade Facilitation Measures for Authorized Operators (အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများအတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာစံနှုန်းများ)’’ နှင့်ပတ်သက်၍ “UMFCCI တွင် အကောက်ခွန်နှင့် ပတ်သက်သည့်ကိစ္စရပ်များအား အများပြည်သူသိရှိစေရန် အသိပညာပေးဆွေးနွေးပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်” ဟု ဆုံးဖြတ်ခဲ့သဖြင့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ် (Authorized Economic Operators-AEO Programme) နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin) တို့နှင့်ပတ်သက်၍ အသိပညာပေးခြင်းအခမ်းအနား ကျင်းပခဲ့မှုအား တင်ပြခြင်း ဖြစ်ပါသည်။




**အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ် (Authorized Economic Operators – AEO Programme) နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin) နှင့်ပတ်သက်၍ အသိပညာပေးခြင်း အခမ်းအနားသို့ တက်ရောက်လာသော အကောက်ခွန်ဦးစီးဌာန၊ UMFCCI နှင့် AEO ကုမ္ပဏီတို့မှ တာဝန်ရှိသူများ အမှတ်တရဓါတ်ပုံရိုက်ကူးစဉ်။**

အခမ်းအနားကို ၂၅-၃-၂၀၂၅ ရက်နေ့ (၁၀း၀၀) အချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းက ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အရာထမ်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (AEO) အသိအမှတ်ပြု ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း (၁၉၂) ဦး တက်ရောက်ခဲ့ပြီး အခမ်းအနားကို အစီအစဉ် (၆)ခု ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး (၁၂း၄၀) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု (၄၃၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၃-၄-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ San Shwe Htake Co.,Ltd. မှ (ID No-100300240500) (1.4.2025) ဖြင့် တင်သွင်းလာသော ပေ ၂၀ ကုန်သေတ္တာ (၂)လုံး အား အထူးအဖွဲ့ Suspect အရ ဆိပ်ကမ်း တာဝန်ကျအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးရာ ID တွင် ကြေညာ ဖော်ပြထားသည်နှင့် ကွဲလွဲပါရှိလာသော (Stainless Steel Pipe) (Square / Rectangle) (30,508 kg) (C/O – China)ခန့်မှန်းတန်ဖိုးကျပ်-(၁၂၈,၁၃၃,၆၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါ သည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၀-၄-၂၀၂၅ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ Europe & Asia Beverages Co.,Ltd. မှ (ID No- MA0259100355)(25.3.2025)ဖြင့် တင်သွင်းလာသော ပေ ၄၀ ကုန်သေတ္တာ အား စစ်ဆေးကြီးကြပ်ရေးအဖွဲ့ (OSS)နှင့် ဆိပ်ကမ်းတာဝန်ကျ အဖွဲ့စုံဖြင့် စစ်ဆေး ရာ ID, IL တွင် ကြေညာ ထားသည်နှင့် (C/O) ကွဲလွဲနေသော (Caramel Color EBC47000 LIQE150D EX COR 344179) (260Kg/ HDPE Drum) (9,360Kg) (C/O– Malaysia) ခန့်မှန်းတန်ဖိုးကျပ်- (၁၁၇,၂၃၆,၉၄၈/-) ဖြင့် အမှုတွဲဖွင့် လုပ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်းခန့်ရှိသည့်အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၂၁-၄-၂၀၂၅ ရက်နေ့ (၂၂:၀၀) နာရီအချိန်ခန့်တွင် တရားမဝင်ကုန်စည်များ မန္တလေးတိုင်းဒေသကြီးအတွင်း တင်သွင်း/တင်ပို့မှုမရှိစေရေး မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အဖွဲ့ဝင်များသည် ကင်းလှည့်စစ်ဆေးစဉ် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ ယာဉ်အမှတ်၊ (3P/3782)(12W)ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား ပြည့်စုံမှုမရှိသည့် Car Tyre များ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၂၂-၄-၂၀၂၅ ရက်နေ့ (၁၉:၀၀) နာရီအချိန်တွင် စစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေးရာ (Car Tyre) (Brand-SAMSON) (Size-11R22.5) (C/O-China)(29750Kg)(90U) အပါအဝင် Car Tyre (၆)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်-(၄၀,၀၉၉,၆၀၅/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




၂၄-၄-၂၀၂၅ ရက်နေ့ (၁၁:၀၀) အချိန်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့သည် မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ စက်မှုနယ်မြေ၊ လမ်းသွယ် (၇)၊ ခြံအမှတ် (၁၁၃၊ ၁၁၄) နေအိမ်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Extra Stout Beer) (Brand–Maurya) (320mlx 24x1)(C/O-China)(500 Pkgs) စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ်-(၂၄,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂-၄-၂၀၂၅ ရက်နေ့ (၁၁:၂၃) နာရီအချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Daw Khin Ei Mon (PP.No- MI 379180) သည် Air India Airlines လေယာဉ်ခရီးစဉ်အမှတ် AI-235/ SF-3072 ဖြင့် အိန္ဒိယနိုင်ငံ နယူးဒေလီမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်း ခရီးသည်၏ ခရီးဆောင်အိတ် (၁)အိတ်အား X-Ray ပုံရိပ်မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Medicine (8) Items) (C/O- India) ခန့်မှန်းတန်ဖိုးကျပ်- (၉,၄၉၉,၂၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဧပြီလအတွင်း  ခန့်မှန်းတန်ဖိုးကျပ် ( ၂၇၈၅၇.၂၆၀ )  သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၇-၄-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့နယ်၊ မြန်မာ့စာတိုက်လုပ်ငန်းရှိ ပြည်ပစာပို့လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာနတွင် တာဝန်ကျစစ်ဆေးရေးအဖွဲ့မှ Tracking No. (CY591421154DE) (ARP-419) (Weight-(2.7/Kg)) ဖြင့် ဂျာမနီနိုင်ငံမှ တင်သွင်းလာသော ခရစ္စမတ်အရုပ်တစ်ရုပ်အား မသင်္ကာသဖြင့် မူးယစ်အဖွဲ့၏ Rigaku စက်ဖြင့်စစ်ဆေးခဲ့ရာ (MDMA) (Ecstasy) (Weight- 1/Kg) ခန့်မှန်းတန်ဖိုးကျပ်- (၃၀,၀၀၀,၀၀၀/-) ခန့်အား တားဆီးခဲ့ပြီး ၇-၄-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန မှ မူးယစ်တပ်ဖွဲ့စု(၄၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်ထံသို့ သက်သေများရှေ့တွင် လွှဲပြောင်းအပ်နှံခဲ့ပါသည်။